# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၄။ တို့ရပ်ရွာ

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - ဆရာကအဆင့်တစ်ဆင့်ပါသောညွှန်ကြားချက်ပေး၍ဆောင်ရွက်စေခြင်း<br>- "က"ဗျည်းကဗျာရွတ်ဆိုခြင်း<br>- အဝိုင်းအတိုင်းအမျိုးမျိုးလျှောက်ကစားနည်းဖြင့်ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - ဆရာကအဆင့်နှစ်ဆင့်ပါသောညွှန်ကြားချက်ပေး၍ဆောင်ရွက်စေခြင်း<br>- "ခ"ဗျည်းကဗျာကိုအမူအရာဖြင့်ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - ဆရာက၏အဆင့်သုံးဆင့်ပါသောညွှန်ကြားချက်ပေး၍ဆောင်ရွက်စေခြင်း<br>- နှစ်သက်ရာပုံကိုရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "ခ"ဗျည်းကဗျာကိုရွတ်ဆိုခြင်း<br>- "သစ်ပင်လေးတွေစိုက်ကြစို့"ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ထင်မြင်ချက်ကိုပြောစေခြင်း<br>(ပြောဆိုဆက်သွယ်) | - အဝိုင်းအတိုင်းအမျိုးမျိုးလျှောက်ကစားနည်းဖြင့်ကစားခြင်း<br>- သစ်ပင်လေးတွေစိုက်ကြစို့ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ထင်မြင်ချက်ကိုပြောစေခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "Tomy"ကဗျာကိုရွတ်ဆိုခြင်း<br>- "G"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Tomy"ကဗျာကို အမူအရာဖြင့် ရွတ်ဆိုခြင်း<br>- "G"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Tomy"ကဗျာပါ စကားလုံးများကိုသုံး၍အုပ်စုဖွဲ့နှုတ်ဆက်ပြောခြင်း<br>- "H"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Tomy"ကဗျာကိုဆရာ၏ဦးဆောင်မှုဖြင့်နှစ်ယောက်တစ်တွဲအပြန်အလှန် နှုတ်ဆက်ပြောဆိုခြင်း<br>- "H"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Tomy"ကဗျာပါစကားလုံးများကိုသုံး၍ကလေးအချင်းချင်းအပြန်အလှန်နှုတ်ဆက်ပြောဆိုခြင်း<br>- "A မှ H"အထိအက္ခရာများကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၁၅<br>-<br>၁၁:၄၅ | - တို့ရပ်ရွာ (ကျောင်းဝင်းပြင်ပ)ရှိနေရာများ ကိုလေ့လာခြင်း (စာရိတ္တ၊ မိတ္တ) | - မိမိတို့ရပ်ရွာရှိ မသွားသင့်သော နေရာများ ကို ဆွေးနွေးခြင်း<br>- ပုံဆွဲဆေးခြယ်ခြင်း (စာရိတ္တ၊ မိတ္တ) | - ရပ်ရွာဒေသမှ လူတစ်ဦးကို ဖိတ်ခေါ်ဆွေးနွေးခြင်း<br>- ရပ်ရွာဒေသရှိလူများ၏ အလုပ်အကိုင်နှင့်ရရှိနိုင်သော အကူအညီများကိုအမေး၊အဖြေပြုလုပ်ခြင်း<br>- ကူညီသူကစားနည်းကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ရပ်ရွာဒေသရှိထင်ရှားသည့်လူ၊ အဆောက်အအုံ၊ ဘုရားပုထိုး၊ သစ်ပင်များကို အလှည့်ကျပြောစေခြင်း (ပတ်ဝန်းကျင်လောက) | - "ဈေးထဲသွားကြမယ်"ကဗျာရွတ်ဆိုခြင်း<br>- ဒေသတွင်းရရှိနိုင်သောအစားအစာများကို ဆွေးနွေးခြင်း<br>- အစားအစာများကိုပုံဆွဲဆေးခြယ်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) |
| ၁၁:၄၅<br>-<br>၁၂:၁၅ | - တို့ရပ်ရွာတွင် လေ့လာခဲ့သော နေရာများကို ဆရာက ဖြည့်စွက်ဆွဲခြင်း (စာရိတ္တ၊ မိတ္တ) | - အဝိုင်းပုံ၊ လေးထောင့်ပုံများပြ၍အမည်ပြောခြင်း<br>- စာသင်ခန်းတွင်းရှိအဝိုင်းပုံ၊လေးထောင့်ပုံပစ္စည်းများကိုရှာ၍ အမည်ပြောခြင်း (သင်္ချာ) | - ရပ်ရွာတွင် အန္တရာယ်များ တွေ့ရှိပါက မိဘ၊ဆရာများ အားအသိပေး ရမည်ကို ဆွေးနွေးခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - သုံးထောင့်ပုံ၊ ဘောလုံးပုံ၊အလုံးပုံပြ၍အမည်ပြောခြင်း<br>- စာသင်ခန်းတွင်းရှိ သုံးထောင့်ပုံ၊ ဘောလုံးပုံ၊ အလုံးပုံများကိုရှာ၍အမည်ပြောခြင်း (သင်္ချာ) | - အဝိုင်း၊သုံးထောင့်၊လေးထောင့်၊ ပြင်ညီပုံများပြ၍ အမည်ပြောခြင်း<br>- စာသင်ခန်းတွင်းရှိ အဝိုင်း၊သုံးထောင့်၊ လေးထောင့်၊ ပြင်ညီပုံများကို ရှာ၍ အမည်ပြောခြင်း (သင်္ချာ) |
| ၁၃:၃၀<br>-<br>၁၄:၀၀ | - အုပ်စုဖွဲ့၍နှစ်သက်သလို တည်ဆောက် ကစားစေခြင်း (အနုပညာရသ) | - စက္ကူအိမ်ပုံ ခေါက်ခြင်း<br>- ဆေးခြယ်ခြင်း (အနုပညာရသ) | - "ကြက်ဖတိန်ညင်"ရိုးရာ ကစားနည်းဖြင့် ကစားခြင်း (အနုပညာရသ) | - မိမိတို့ရပ်ရွာဒေသရှိလူ၊ အဆောက်အအုံ. . . နှစ်သက်ရာကို ပုံဆွဲဆေးခြယ်ခြင်း (အနုပညာရသ) | - "ဈေးထဲသွားကြမယ်" ကဗျာကို အမူအရာဖြင့် ရွတ်ဆိုခြင်း (အနုပညာရသ) |

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၄။ တို့ရပ်ရွာ

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ ဘာသာစကား | - နှစ်သက်ရာကဗျာကိုရွတ်ဆိုခြင်း<br>- သစ်ပင်လေးတွေစိုက်ကြစို့ပုံပြင်ကိုဆရာကဖတ်ပြခြင်း<br>(ပြောဆိုဆက်သွယ်) | - သစ်ပင်လေးတွေစိုက်ကြစို့ပုံပြင်ကိုကလေးများဖတ်စေခြင်း<br>- အလျားလိုက်၊ ဒေါင်လိုက်မျဉ်းများရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - အဝိုင်းအတိုင်းအမျိုးမျိုးလျှောက်ကစားနည်းဖြင့်ကစားခြင်း<br>- "က"ဗျည်းကဗျာရွတ်ဆိုခြင်း<br>- မျဉ်းကွေးများလေ့ကျင့်ရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "ခ"ဗျည်းကဗျာရွတ်ဆိုခြင်း<br>- "သစ်ပင်လေးတွေစိုက်ကြစို့"ပုံပြင်ကိုကလေးများအမူအရာဖြင့်ပြောစေခြင်း<br>- မျဉ်းဖြောင့်၊မျဉ်းကွေးများလေ့ကျင့်ရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "သိသမျှပြောမယ်"ကစားနည်းဖြင့်ကစားခြင်း<br>- နှစ်သက်ရာကဗျာကိုဟန်အမူအရာဖြင့်ရွတ်ဆိုခြင်း<br>- စိတ်ကြိုက်ရေးခြစ်ခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ အင်္ဂလိပ် | - "Are You Sleeping" ကဗျာကိုရွတ်ဆိုခြင်း<br>- "I"အက္ခရာကိုရွတ်ဆိုခြင်း | - "Are You Sleeping" ကဗျာကိုအမူအရာဖြင့်ဆိုခြင်း<br>- "I"အက္ခရာကိုရွတ်ဆိုခြင်း | - "Are You Sleeping" ကဗျာပါစကားလုံးများကိုသုံး၍အုပ်စုဖွဲ့သီဆိုခြင်း<br>- "J"အက္ခရာကိုရွတ်ဆိုခြင်း | - "Are You Sleeping"ကဗျာပါစကားလုံးများကိုသုံး၍ဆရာနှင့်ကလေးများအပြန်အလှန်နှုတ်ဆက်ပြောဆိုခြင်း<br>- "J"အက္ခရာကိုရွတ်ဆိုခြင်း | - "Are You Sleeping" ကဗျာပါစကားလုံးများကိုသုံး၍ကလေးအချင်းချင်းအပြန်အလှန်နှုတ်ဆက်ပြောဆိုခြင်း<br>- "E,F,G,H,I,J"အက္ခရာကိုရွတ်ဆိုခြင်း |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅-၁၁း၄၅ | - ရပ်ရွာတွင်တွေ့ရသောအပင်များကိုဆွေးနွေးခြင်း<br>- "သစ်ပင်စိုက်ကြစို့"ကဗျာရွတ်ဆိုခြင်း<br>- ကြိုက်နှစ်သက်ရာသစ်ပင်ပုံဆွဲခြင်း၊ဆေးခြယ်ခြင်း<br>(ပတ်ဝန်းကျင်လောက) | - "ဆူညံသောည" ပုံပြင်ပြောခြင်း<br>- ရပ်ရွာဒေသတွင်တွေ့ရသောတိရစ္ဆာန်များကိုဆွေးနွေးခြင်း<br>(ပတ်ဝန်းကျင်လောက) | - ရပ်ရွာဒေသသို့သွားရောက်လာရောက်နိုင်သောနည်းလမ်းများ၊ အသုံးပြုသောယာဉ်များကိုအမူအရာဖြင့်ဆွေးနွေးခြင်း<br>(စာရိတ္တ၊ မိတ္တ) | - အိမ်၊ကျောင်းသန့်ရှင်းရေးအတွက်လုပ်နိုင်သောအလုပ်များကိုဆွေးနွေးခြင်း<br>- အိမ်၊ကျောင်း၊စာသင်ခန်းနှစ်သက်ရာပုံတစ်ပုံကိုပုံဆွဲဆေးခြယ်ခြင်း<br>(ကိုယ်စိတ်နှစ်ဖြာ) | - မိမိရပ်ရွာဒေသအကြောင်းကိုပုံပြင်ဖန်တီးပြောဆို၍အမူအရာဖြင့်ဆွေးနွေးခြင်း<br>(ပတ်ဝန်းကျင်လောက) |
| ၁၁း၄၅-၁၂း၁၅ | - စာသင်ခန်းကျောင်းပတ်ဝန်းကျင်ရှိဂျီသြမေတြီပုံသဏ္ဌာန်ပစ္စည်းများကိုရှာဖွေလေ့လာခြင်း<br>- အမေးအဖြေပြုလုပ်ခြင်း<br>(သင်္ချာ) | - "ဗေတိုးတပ်" ကဗျာရွတ်ဆိုခြင်း<br>- ရပ်ရွာဒေသတွင်ကျင်းပသောပွဲတော်နှင့်ပွဲတော်အလိုက်အသုံးပြုသောအစားအစာများကိုဆွေးနွေးခြင်း<br>(ပတ်ဝန်းကျင်လောက) | - ဂျီသြမေတြီဆိုင်ရာပုံများကိုအမျိုးအစားခွဲ၍အမည်ပြောခြင်း<br>- ပြင်ညီပုံများဖြင့်တည်ဆောက်ထားသောပုံမှပြင်ညီပုံများ၏အမည်ကိုပြောခြင်း<br>(သင်္ချာ) | - အချက်ပြသင်္ကေတများပုံပြ၍အမေး၊အဖြေပြုလုပ်ခြင်း<br>(ကိုယ်စိတ်နှစ်ဖြာ) | - ပုံသဏ္ဌာန်ကတ်ကစားနည်းဖြင့်ဂျီသြမေတြီပုံများကိုခွဲခြားခြင်း<br>- (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - "သစ်ပင်စိုက်ကြစို့"ကဗျာရွတ်ဆိုခြင်း<br>(အနုပညာရသ) | - "ဆူညံသောည" ပုံပြင်ကိုအမူအရာဖြင့် သရုပ်ဆောင်ခြင်း<br>(အနုပညာရသ) | - ကြိုက်နှစ်သက်ရာပြင်ညီပုံတစ်ပုံရေးဆွဲ၊ဆေးခြယ်ခြင်း<br>(အနုပညာရသ) | - နှစ်သက်ရာရိုးရာကစားနည်းဖြင့်ကစားခြင်း<br>(အနုပညာရသ) | - သင်ခန်းစာအစမှအဆုံး ရေးဆွဲထားသောပုံများကိုကြည့်၍ကလေးများကပြောစေခြင်း<br>(အနုပညာရသ) |

# တို့ရပ်ရွာ

## ပထမပတ်

**တနင်္လာနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။** ။ညွှန်ကြားချက်ကို နားထောင်ပြီးဆောင်ရွက်တတ်ရန်။

လုပ်ငန်းစဉ်။ **။အဆင့်တစ်ဆင့်ပါသော ညွှန်ကြားချက်ပေး၍ဆောင်ရွက်စေခြင်း (မိနစ် ၂၀)**

- ဆရာက အတန်းရှိကလေးများအား ညွှန်ကြားချက်တစ်ခုပေး၍ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပါစေ။ (ဥပမာ- မတ်တပ်ရပ်ပါ)
- ထိုနည်းအတိုင်းအဆင့်တစ်ဆင့်ပါသောညွှန်ကြားချက်များ (ဥပမာ-ထိုင်ပါ၊ စာအုပ်ဖွင့်ပါ၊ . . . )ကိုကလေးများတစ်တန်းလုံး၊အုပ်စုလိုက်၊တစ်ဦးချင်းကိုညွှန်ကြား၍ကလေးများအား ညွှန်ကြားချက်အတိုင်းဆောင်ရွက်ပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။"က"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"က"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာသင်နည်းများအတိုင်းပြုလုပ်ပါ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။ညွှန်ကြားသည့်အတိုင်းလိုက်လုပ်တတ်ရန်။

လုပ်ငန်းစဉ်။ **။အဝိုင်းအတိုင်းအမျိုးမျိုးလျှောက်ကစားနည်းဖြင့်ကစားခြင်း (၂၅ မိနစ်)**

- ကြမ်းပြင်ပေါ်တွင် မြေဖြူဖြင့်အဝိုင်းကြီးတစ်ဝိုင်းဝိုင်းပေးပါ။
- ဆရာကအောက်ပါညွှန်ကြားချက်ကို ပေး၍ကလေးများအား ညွှန်ကြားချက်အတိုင်းလိုက် လုပ်ပါစေ။
- "စက်ဝိုင်းအတွင်းဝင်လိုက်၊ အပြင်ထွက်လိုက်လျှောက်ပါ။
- ထိုနည်းအတိုင်းအောက်ပါညွှန်ကြားချက်များကို ပေး၍ဆက်ကစားပါ။
- "စက်ဝိုင်းအတွင်းဘက်နားမှ ကပ်ပြီးလျှောက်ပါ။"
- "စက်ဝိုင်းအပြင်ဘက်မှကပ်ပြီးလျှောက်ပါ။"
- "ခြေတစ်ဖက်ကိုစက်ဝိုင်းအပြင်ဘက်မှာထားပြီး၊ကျန်ခြေတစ်ဖက်ကိုစက်ဝိုင်း အတွင်းမှာထား၍လျှောက်ပါ။

**အသေးစိတ်သင်ယူမှုရလဒ်။** Tomy ကဗျာကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။Tomyကဗျာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

Tomy
Tomy Tomy (how old are you today)[2]
I am five years old
One two three four five

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။"G" အက္ခရာကို အမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ "G"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိတို့နေထိုင်ရာမြို့၊ရွာ၊ရပ်ကွက်ရှိတွေ့မြင်ခဲ့ရသည်များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**မြို့၊ ရွာ၊ ရပ်ကွက်တွင်တွေ့မြင်ဖူး၊သွားဖူးသည်များကို မေး၊ဖြေပြုလုပ်ခြင်း (၅ မိနစ်)**

- အောက်ပါမေးခွန်းများဖြင့်တစ်တန်းလုံးနှင့်ဆွေးနွေးပါ။
- ကလေးတို့နေထိုင်တဲ့ မြို့၊ ရွာ၊ ရပ်ကွက် နာမည်က ဘာလဲ။
- ကလေးတို့မြို့၊ ရွာ၊ ရပ်ကွက်မှာ မြင်ဖူး၊ သွားခဲ့ဖူးတာတွေက ဘာတွေလဲ။

**ကျောင်းဝင်းပြင်ပကိုလေ့လာ၍ မေး/ဖြေပြုလုပ်ခြင်း (၂၅ မိနစ်)**

- ဆရာနှင့်ကလေးများအတူတကွ ကျောင်းဝင်းထဲမှနေ၍ကျောင်းအနီး ပတ်ဝန်းကျင်ကို လေ့လာပါ။ တွေ့ရှိချက် များကိုမှတ်သားခဲ့ရန်မှာကြားပါ။
- ကျောင်းအနီးပတ်ဝန်းကျင်တွင်တွေ့မြင်ခဲ့ရသည်များကိုအမေးအဖြေပြုလုပ်ပါ။
- (ဥပမာ- ကျောင်းရဲ့အရှေ့ဘက်မှာ ဘာတွေတွေ့ခဲ့ရသလဲ။)

လုပ်ငန်းစဉ်(၂)။ ။**ကျောင်းပတ်ဝန်းကျင်ပုံဆွဲခြင်း (မိနစ် ၃၀)**

- ဆရာက သင်ပုန်းပေါ်တွင် ကျောင်းဝင်းပုံ □ လေးထောင့်ကွက်တစ်ခု ဆွဲပါ။
- ကလေးများကျောင်းပတ်ဝန်းကျင်တွင် တွေ့မြင်ခဲ့ရသည်များကို မေး၍ ကျောင်းဝင်းပုံ၏ ဘေးတွင် ဆရာကဖြည့်စွက်ဆွဲပေးပါ။
- သင်ပုန်းပေါ်ရှိ ပုံပါအကြောင်းအရာများကိုကလေးများအား ပြန်ပြောပါစေ။
- ဆရာက မိမိတို့မြို့၊ ရွာ၊ ရပ်ကွက်အတွင်းမြင်ဖူး၊ သွားဖူးသည်များကို မှတ်သားလာခဲ့ရန်မှာကြားပါ။(ဥပမာ- ဈေး၊ ဘုရား၊ ဆေးခန်း၊ . . . . )

အသေးစိတ်သင်ယူမှုရလဒ်။ ။တည်ဆောက်ကစားတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**တည်ဆောက်ကစားခြင်း (မိနစ် ၃၀)**

- အုပ်စုဖွဲ့၍ကလေးများနှစ်သက်သလိုတည်ဆောက်ကစားပါစေ။ ၎င်းပုံများအကြောင်းကို ပြောပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ညွှန်ကြားချက်ကိုနားထောင်ပြီးဆောင်ရွက်တတ်ရန်။

လုပ်ငန်းစဉ်။ ။**အဆင့်(၂)ဆင့်ပါသောညွှန်ကြားချက်ပေး၍ဆောင်ရွက်စေခြင်း (မိနစ် ၃၀)**

- ဆရာက အတန်းရှိကလေးများအား အဆင့်(၂)ဆင့်ပါသောညွှန်ကြားချက် တစ်ခုပေး၍ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပါစေ။
- (ဥပမာ-မတ်တပ်ရပ်ပြီးစာအုပ်ကိုဖွင့်လိုက်ပါ။)
- ထိုနည်းအတိုင်း အဆင့်နှစ်ဆင့်ပါသော ညွှန်ကြားချက်များ (ဥပမာ - စင်ပေါ်မှ စာအုပ်ကိုယူ၍ ဆရာမထံ လာပေးပါ။
- ကလေးများတစ်တန်းလုံး၊ အုပ်စုလိုက်၊ တစ်ဦးချင်းကိုညွှန်ကြား၍ ကလေးများအား ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ခ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ခ"ဗျည်း(ကဗျာ)ကိုအမူအရာဖြင့်ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။Tomy ကဗျာကို **အမူအရာနှင့် ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။Tomy**ကဗျာကို အမူအရာနှင့်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"G"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"G"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိတို့မြို့၊ ရွာ၊ရပ်ကွက်ရှိ မသွားသင့်သောနေရာများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**မသွားသင့်သည့်နေရာများမေး၊ ဖြေပြုလုပ်ခြင်း (မိနစ် ၂၀)**

- မြို့၊ ရွာ၊ ရပ်ကွက်အတွင်း မြင်ဖူး၊ သွားဖူးသည်များကိုမေးမြန်းပြီးကလေးများအဖြေကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။
- ဆရာက ထပ်မံ၍ သင်ပုန်းပေါ်တွင် မသွားသင့်သောနေရာများကိုရေး၍ ထိုနေရာများသို့ သွားသင့်၊ မသွားသင့်ကို ဆွေးနွေးပါ။ (ဥပမာ- ရေတွင်း၊ ရေကန်၊ မြစ်ကမ်းပါး၊ အဆောက်အအုံဆောက်နေသော နေရာ၊ ဝရံတာ၊ အမှိုက်ပုံ၊ . . . . )
- (မိမိတို့ဒေသရှိမသွားသင့်သောနေရာများကိုဆွေးနွေးပါကပို၍သင့်လျော်ပါသည်။)

**ပုံဆွဲဆေးခြယ်ခြင်း (၁၀ မိနစ်)**

- အထက်ပါဖော်ပြပါ မသွားသင့်သောနေရာများထဲမှနှစ်သက်ရာတစ်ခုကို ပုံဆွဲဆေးခြယ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အဝိုင်းပုံနှင့်လေးထောင့်ပုံစသည့် ထုပုံများ၏အမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**အဝိုင်းပုံ၊ လေးထောင့်ပုံအမည် မေး။ဖြေပြုလုပ်ခြင်း (၁၅ မိနစ်)**

မှတ်ချက်။ ။ဤသင်ယူတန်း အရွယ်ကလေးများကို ဆလင်ဒါပုံ၊ စက်လုံးပုံ၊ တြိဂံပုံ၊ စတုဂံပုံ၊ စတုရန်းပုံများဟူသော အခေါ်အဝေါ်များကိုသင်ကြားရန် မသင့်သေးပါ။)

- ဆရာကကြိုတင်စုဆောင်းထားသောအဝိုင်းပုံပစ္စည်း၊လေးထောင့်ပုံပစ္စည်းများကိုကလေးများအားပြပါ။
- ထိုပစ္စည်းများ၏ ပုံသဏ္ဍာန်များကို မည်ကဲ့သို့ခေါ်ဆိုကြောင်းမေးပါ။ ဆရာက ၎င်းပစ္စည်းများကို အဝိုင်းပုံရှိသောပစ္စည်း၊ လေးထောင့်ပုံရှိသော ပစ္စည်းဟုခေါ်ဆိုကြောင်းပြောပါ။

**အဝိုင်းပုံနှင့်လေးထောင့်ပုံရှိသောပစ္စည်းများကိုလက်တွေ့ရှာဖွေပြောစေခြင်း(၁၅ မိနစ်)**

- စာသင်ခန်းတွင်းရှိ အဝိုင်းပုံပစ္စည်း၊ လေးထောင့်ပုံပစ္စည်းများကိုရှာဖွေပါစေ။
- တွေ့ရှိသောပုံများ၏အမည်များကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။စာရွက်ဖြင့် အိမ်ပုံခေါက်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အိမ်ပုံခေါက်ခြင်း (မိနစ် ၃၀)**

- A4 အရွယ်စာရွက်ကို စတုရန်းပုံစာရွက်ရအောင် အစွန်းမှနေပြီး ခေါက်ပါ။ အပေါ်ပိုင်းမှ ပိုနေသောအပိုင်းကို ညှပ်ထုတ်လိုက်ပါ။ ပုံ(၁)တွင် ပြထားသော စတုရန်းပုံစာရွက်ကို ရပါပြီ)
- ပုံ(၁)ကို ခေါက်ချိုးညီခေါက်လိုက်ပါက ပုံ(၂)ရပါမည်။
- ပုံ(၂)ကိုထိပ်နှစ်ဖက်အချိုးညီနောက်ပြန်ခေါက်ပါက ပုံ(၃)ရမည်။

DBEBox

- ရှယ်တူစတုရန်း(၄)ပုံမှ ထိပ်နှစ်ခုကိုဘေးဖက်ကားလိုက်/ဖွင့်လိုက်ပါက ပုံ(၄) ပါအတိုင်း အိမ်ပုံရရှိမည်။



ပုံ(၁)



ပုံ(၂)



ပုံ(၃)



ပုံ(၄)

- ဆရာက နောက်ထပ်တစ်ခါခေါက်ပြပါ။
- ဆရာနှင့်ကလေးများတစ်ဆင့်ချင်းစီအတူခေါက်ပါ။
- ကလေးများကိုယ်တိုင်ခေါက်ပါစေ။
- လိုအပ်ပါက ဆရာက ကူညီပါ။
- ခေါက်ပြီးသောအိမ်ကိုဆေးရောင်ခြယ်ပါစေ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ညွှန်ကြားချက်ကိုနားထောင်ပြီးဆောင်ရွက်တတ်ရန်။

လုပ်ငန်းစဉ်။ ။**အဆင့်(၃)ဆင့်ပါသော ညွှန်ကြားချက်ပေး၍ဆောင်ရွက်စေခြင်း (မိနစ် ၃၀)**

- ပထမနေ့(တနင်္လာနေ့)တွင် သင်ကြားသည့်အတိုင်း ညွှန်ကြားချက်ကို အဆင့် (၃)ဆင့် ထည့်၍ ပြုလုပ်ပါ။
- ဥပမာ- စားပွဲပေါ်က ရေခွက်ကိုယူပြီး ရေထည့်၍ ဆရာမထံ ယူလာပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိစိတ်ကူးဖြင့်ပုံများကို ရေးခြစ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**မိမိနှစ်သက်ရာပုံရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများအား မိမိတို့စာအုပ်ပေါ်တွင် နှစ်သက်သလိုပုံများရေးဆွဲပါစေ။
- ရေးဆွဲပြီးပါက ကလေးတစ်ဦးချင်းအား မိမိတို့ဆွဲထားသောပုံနှင့်ပတ်သက်၍ ပြောပါစေ။ ဆရာကအားလုံးကိုလက်ခံပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။Tomy ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**Tomyကဗျာကို အုပ်စုဖွဲ့၍ နှုတ်ဆက်ပြောစေခြင်း (၁၅ မိနစ်)**

- Tomy ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါ။

DBE BOX

- ကလေးများကို အုပ်စု "နှစ်ဖွဲ့" ဖွဲ့ပါ။
- ကဗျာကို အုပ်စုနှစ်ဖွဲ့ အပြန်အလှန် အမူအရာဖြင့် ရွတ်ဆိုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"H"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"H"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ရပ်ရွာဒေသရှိလူများ၏ အလုပ်အကိုင်နှင့်ရရှိနိုင်သော အကူအညီများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**ဖိတ်ခေါ်ဆွေးနွေးခြင်း (၁၅ မိနစ်)**

- မြို့၊ရွာ၊ရပ်ကွက်မှတစ်ဦးဦး(ဥပမာ-ဆရာဝန်၊လယ်သမား၊စက်ချုပ်သမား၊. . .)ကိုကျောင်းသို့ဖိတ်ခေါ်ပြီးသူ၏အလုပ်အကိုင်နှင့်ပတ်သက်၍ပြောပြပါစေ။
- ကလေးများသိလိုသောမေးခွန်းများကိုမေးပါစေ။

**အလုပ်အကိုင်များကိုမေး၊ ဖြေပြုလုပ်ခြင်း (၅ မိနစ်)**

- ထို့နောက် မိမိတို့ရပ်ရွာဒေသရှိ လူများ၏အလုပ်အကိုင်နှင့် ပတ်သက်၍ အောက်ပါမေးခွန်းများဖြင့် တစ်တန်းလုံးနှင့်ဆွေးနွေးပါ။
- ကလေးတို့ရပ်ရွာဒေသမှာ ရှိတဲ့လူတွေ ဘာတွေလုပ်ကိုင်ကြသလဲ။ သူတို့က ကလေးတို့အတွက် ဘာတွေလုပ်ပေးသလဲ။
- (ဒါကြောင့်"သူတို့က) ကလေးတို့ကို ကူညီသောသူများဖြစ်ကြောင်း" ဆရာက ပြောပါ။

**ကူညီသူများကစားခြင်း (၁၀ မိနစ်)**

- "ကူညီသူများ"ကစားနည်းဖြင့် ကစားပါ။
- ဆရာက(ဈေးသည်၊ မီးသတ်သမား၊ ရဲ၊ လယ်သမား၊ ဆရာဝန်၊ ဆံပင်ညှပ်သူ . . . . . .)စသည်တို့ကို ကတ်ပြား၊ သို့မဟုတ် စာရွက်ပိုင်းများတွင် ကြိုတင်ရေးထားပါ။
- ကလေးများကို ဝိုင်းထိုင်ပါစေ။ မိမိတို့ကြိုက်နှစ်သက်ရာသီချင်း၊ သို့မဟုတ် ရောင်စုံဘောလုံးသီချင်းဖြင့် ပါဆယ်ထုတ်ပေးတမ်းကစားပါ။ သီချင်းဆုံးသွားပါက ပါဆယ်ထုတ်လက်ဝယ်ရှိသူကို ဆရာက ကြိုတင်ပြုလုပ်ထားသောကတ်ပြား (သို့) စာရွက်ပိုင်းများမှ တစ်ခုကို မဲနှိုက်ပါစေ။ ရရှိသူကအမူအရာဖြင့်သရုပ်ဆောင်ပါစေ။ (ဥပမာ - ဈေးသည်ဟု ရေးထားသော ကတ်ပြား (သို့) စာရွက်ပိုင်းရရှိသူက ဈေးသည်အဖြစ် ဟန်ဆောင်ကစားပါစေ။)

အသေးစိတ်သင်ယူမှုရလဒ် ။ ။ရပ်ရွာတွင် အန္တရာယ်များတွေ့ရှိပါက မိဘဆရာတို့အား အသိပေးရမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အန္တရာယ်ဖြစ်နိုင်သော အကြောင်းအရာများကိုပြော၍မေး၊ဖြေပြုလုပ်ခြင်း (မိနစ် ၃၀)**

- အောက်တွင်ဖော်ပြထားသော အကြောင်းအရာကို ဖတ်ပြပါ။
- ကျောင်းဝင်းဝတွင် တစ်ခါမှ မမြင်ဘူးသော လူစိမ်းတစ်ဦးက ကျောင်းသား၊ ဗကျောင်းသူတစ်ဦးဦးကို ခေါ်သွားတယ်။
- အောက်ပါမေးခွန်းများကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- အဲဒီလိုတွေ့ရင် ဘယ်သူကို အသိပေးရမလဲ။
- တခြားဘယ်သူကို ပြောပြဦးမလဲ။

DBE BOX

- အထက်ပါနည်းအတိုင်း အောက်ပါအဖြစ်အပျက်များကိုလည်း ဆရာက ဆက်လက်၍ ကလေးများအား မေးမြန်းဆွေးနွေးပါ။
- လမ်းမှာချော်လဲနေတာတွေ့ရင်
- ရေတွင်း၊ ရေကန်နားမှာ ကစားနေတာတွေ့ရင်
- မီးလောင်နေတာမြင်ရင်
- (မိမိတို့မြို့၊ ရွာ၊ ရပ်ကွက်ရှိထင်ရှားသောလူ၊ အဆောက်အအုံ၊ ဘုရားပုထိုး၊ ဥစ်ပင်များကို လူကြီးများအားမေးမြန်းခဲ့ရန် မှာကြားခြင်း)

အသေးစိတ်သင်ယူမှုရလဒ် ။ ။ရိုးရာကစားနည်းများဖြင့်ကစားတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကြက်ဖတိန်ညင်ကစားခြင်း (မိနစ် ၃၀)**

- ကြက်ဖတိန်ညင် ရိုးရာကစားနည်းများဖြင့် ကစားပါမည်။

**"ကြက်ဖတိန်ညင်"**

ကြက်ဖတိန်ညင် တောကိုဝင်
မောင်ရင်လာလေးနဲ့ ပစ်
မပစ်ပါနဲ့ မောင်ရင်ရယ် ကြက်တက်စူးပါ့မယ်
ဘယ်ဘက်က စူးစူး၊ ညာဘက်က စူးစူး
ခွပ်လိုက်ကြစို့သူငယ်ချင်း
အောက်အီးအီးအွတ်။

**ကြာသပတေးနေ့**

**အသေးစိတ်သင်ယူမှုရလဒ်။** ။"ခ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

**လုပ်ငန်းစဉ်။** ။**"ခ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၂၅ မိနစ်)**

- ယခင်သင်ပြီးခဲ့သည့်ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။ပုံပြင်ပါထင်မြင်ချက်ကိုပြောတတ်ရန်။

**လုပ်ငန်းစဉ်။** ။**"သစ်ပင်လေးတွေစိုက်ကြစို့"ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ထင်မြင်ချက်ကိုပြောစေခြင်း (၃၅ မိနစ်)**

- ဆရာက ကလေးများအား ပစောက်ပုံဝိုင်း၍ထိုင်ပါစေ။
- ဆရာက ကလေးများမျက်လုံးနှင့် တစ်တန်းတည်းဖြစ်အောင် ထိုင်ပါ။
- ကလေးများအား သစ်ပင်လေးတွေစိုက်ကြစို့ ပုံပြင်စာအုပ်စာမျက်နှာဖုံးပါ ရုပ်ပုံများကို ကြည့်ပြီး မေးခွန်းမေးပါ။
- ဥပမာ- ဒီပုံက ဘာလဲ။
- ဒီပုံပြင်က ဘာအကြောင်းဖြစ်မယ်ထင်သလဲ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။Tomy ကဗျာပါ စကားလုံးများကို အသုံးပြု၍ မိမိအမည်ကို အစားထိုး ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။Tomy**ကဗျာကို ဆရာ၏ဦးဆောင်မှုဖြင့်နှစ်ယောက်တစ်တွဲ တွဲ၍ နှုတ်ဆက်ပြောဆိုခြင်း (၁၅ မိနစ်)**

- Tomyကဗျာကို တစ်တန်းလုံး၊ အမူအရာဖြင့် ရွတ်ဆိုပါ။



DBE Box

- ကလေးတစ်ဦးကို အတန်းရှေ့လာပါစေ။
- ဆရာက Tomy ကဗျာပါ စကားလုံးသုံး၍ အမည်နှင့်အသက်နေရာတွင် မိမိ၏ အမည်နှင့်အသက်ကို အစားထိုး၍ ရွတ်ဆိုပြပါ။
- အတန်းရှေ့သို့ ခေါ်ထားသော ကလေးကိုလည်း မိမိအမည်နှင့်အသက်ကို အစားထိုးပြီး ရွတ်ဆိုပါစေ။
- ဆရာနှင့် ကလေးအပြန်အလှန် မိမိအမည်နှင့်အသက်များကိုအစားထိုးပြီး ရွတ်ဆိုပါစေ။
- ကျန်ကလေးများကိုလည်း အထက်ပါအတိုင်း Tomy ကဗျာပါ အမည်နှင့်အသက် နေရာတွင် မိမိ၏အမည်နှင့် အသက်များကို အစားထိုး၍ အမူအရာဖြင့် ရွတ်ဆိုပါစေ။
- ဆရာက အနားမှ ကူညီပံ့ပိုးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ "H"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"H"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**
- ယခင်အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ရပ်ရွာဒေသရှိ ထင်ရှားသည့်လူ၊ အဆောက်အအုံ၊ ဘုရားပုထိုး၊ သစ်ပင် . . . . များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ထင်ရှားသည့်လူ၊ အဆောက်အအုံ၊ ဘုရားပုထိုး၊ သစ်ပင်....အကြောင်းပြောစေခြင်း (မိနစ် ၃၀)**
- မိမိတို့အိမ်ရှိ အဘိုးအဘွား၊ မိဘများထံမှ မေးလာသော (မိမိတို့ ရပ်ရွာရှိ ထင်ရှားသောလူ၊ အဆောက်အအုံ၊ ဘုရားပုထိုး၊ သစ်ပင် . . . .)အကြောင်းကို ကလေးများက အတန်းသို့ ပြောပြပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သုံးထောင့်ပုံ၊ ဘောလုံးပုံ(စက်လုံးပုံ) စသည့် ထုပုံများ၏ အမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**သုံးထောင့်ပုံ၊ ဘောလုံးပုံများကို မေး၊ ဖြေပြုလုပ်ခြင်း (၁၅ မိနစ်)**
- ဆရာက ကြိုတင်စုဆောင်းထားသော သုံးထောင့်ပုံပစ္စည်းနှင့် ဘောလုံးကဲ့သို့ အလုံးပုံ ပစ္စည်းများကို ကလေးများအားပြ၍ မည်သို့ခေါ်ဆိုကြောင်း မေးပါ။
- ဆရာက ၎င်းပစ္စည်းများကို သုံးထောင့်ပုံနှင့် ဘောလုံးအလုံးပုံရှိသော ပစ္စည်းများဟု ခေါ်ဆိုကြောင်းပြောပါ။

**သုံးထောင့်ပုံနှင့် ဘောလုံးအလုံးပုံရှိသော ပစ္စည်းများကိုလက်တွေ့ ရှာဖွေ ပြောစေခြင်း (၁၅ မိနစ်)**
- ဆရာကအထက်ပါပစ္စည်းများကို ရှာဖွေစုဆောင်းပြီး စာသင်ခန်းတွင်းတွင်ထည့်ထားပါ။
- စာသင်ခန်းအတွင်းရှိ သုံးထောင့်ပုံပစ္စည်းနှင့် ဘောလုံးပုံအလုံးများကို ရှာဖွေပါစေ။ တွေ့ရှိသောပုံများ၏အမည်များကိုပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရပ်ရွာဒေသတွင်တွေ့ရှိရသည်များကိုပုံဆွဲဆေးခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- ၎င်းတို့လေ့လာခဲ့သော ရပ်ရွာဒေသရှိလူ၊ အဆောက်အအုံ၊ ဘုရားပုထိုး၊ သစ်ပင် . . . စသည်တို့မှ နှစ်သက်ရာတစ်ခုကို ပုံဆွဲဆေးခြယ်ပြီး ပုံပါအကြောင်းအရာများကို ပြောပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ညွှန်ကြားချက်အတိုင်းလိုက်လုပ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **အဝိုင်းအတိုင်းအမျိုးမျိုးလျှောက်ကစားနည်းဖြင့်ကစားခြင်း (မိနစ် ၃၀)**

- ယခင်နေ့က အတိုင်းကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါထင်မြင်ချက်ကိုပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သစ်ပင်လေးတွေစိုက်ကြစို့"ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်ကိုပြောစေခြင်း (မိနစ် ၃၀)**

- ယခင်နေ့ကအတိုင်းကလေးများနှင့်ထိုင်ပါ။
- ပုံပြင်စာအုပ်ရှိ အတွင်းစာမျက်နှာမှပုံများကို တစ်ပုံချင်းပြ၍ ကလေးများ ထင်မြင်ချက်ရစေသော မေးခွန်းများမေးပါ။
- ကလေးများပြောသော အဖြေအားလုံးကို လက်ခံပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။Tomy ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ Tomy**ကဗျာပါစကားလုံးများသုံး၍ အချင်းချင်းပြောဆိုနှုတ်ဆက်ခြင်း(၁၅ မိနစ်)**

- Tomyကဗျာကို ဆရာနှင့်ကလေးများ အတူတူ အမူအရာဖြင့် ရွတ်ဆိုပါစေ။
- ဆရာနှင့်ကလေး(၁)ဦးမိမိ၏အမည်နှင့်အသက်ကိုအသုံးပြု၍အမူအရာဖြင့် အပြန်အလှန်ရွတ်ဆိုပါ။
- တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ပြောလိုသော ကလေး (၂)ဦးအား ဖိတ်ခေါ်ပါ။
- တစ်ဦးနှင့် တစ်ဦး အပြန်အလှန် နှုတ်ဆက်ပြောပါစေ။
- ကလေးများအား နှစ်ယောက်တစ်တွဲစီတွဲ၍ အမည်များကိုအစားသွင်းကာ အပြန်အလှန်ရွတ်ဆိုပါစေ။
- လိုအပ်ပါက ဆရာက ကူညီပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"A" မှ "H"ထိ အင်္ဂလိပ်အက္ခရာ(၈)လုံး၏ အမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"A"မှ"H"**ထိအင်္ဂလိပ်အက္ခရာ(၈)လုံး၏ အမည်များကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- A,B,C,D ကဗျာကို ပြန်လည်ရွတ်ဆိုပါစေ။
- ဆရာက သင်ပုန်းပေါ်တွင် ရေးထားသော အင်္ဂလိပ်အက္ခရာ "A" မှ "H" ကို တစ်လုံးချင်းထောက်ပြ၍ အက္ခရာအမည်ကို ဖြည်းဖြည်းနှင့်ပီသစွာ နှစ်ကြိမ်ခန့်ရွတ်ဆိုပြပါ။



DBE BOX

- ဆရာက အင်္ဂလိပ်အက္ခရာ တစ်လုံးချင်းထောက်၍ ရွတ်ဆိုပြပြီး ကလေးများအား တစ်တန်းလုံး၊ အုပ်စုလိုက်၊ အတန်းလိုက်၊ တစ်ဦးချင်းရွတ်ဆိုပါစေ။
- ကလေးများအား "A'' မှ "H''ထိ တစ်လုံးစီရေးထားသော အက္ခရာကတ်များကို ဝေပေးပါ။
- ကလေးတစ်ဦးစီမှ မိမိတို့ရရှိထားသောကတ်ကို အတန်းသို့ ထောင်ပြပြီး ၎င်းအက္ခရာ၏ အမည်ကို ပြောပါစေ။
- ကလေး(၈)ဦးအား အတန်းရှေ့သို့ ထွက်စေပြီး စားပွဲပေါ်မှ"A''မှ"H''ထိရေးထားသော အက္ခရာကတ်များကို ကောက်ယူပါစေ။
- ကလေးများအားမိမိတို့ရရှိသောအက္ခရာများကို အစဉ်လိုက်ဖြစ်အောင် စီစဉ်၍ရပ်ပါစေ။
- ကျန်ကလေးများကိုလည်း ဤနည်းအတိုင်းဆက်၍ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရပ်ရွာတွင် တွေ့ရှိနိုင်သောအစားအစာများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဈေးထဲသွားမယ်ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- "ဈေးထဲသွားကြမယ်" ကဗျာရွတ်ဆိုပါ။
- **"ဈေးထဲသွားကြမယ်"**
- ဖေဖေနဲ့အတူတူကွယ်ဈေးထဲသွားကြမယ်
- မေမေနဲ့အတူတူကွယ်ဈေးထဲသွားကြမယ်
- (ဝယ်မယ်ကွယ့်)၂ အသားနဲ့ငါးနဲ့ဝယ်
- (ဝယ်မယ်ကွယ့်)၂ ဟင်းသီးဟင်းရွက်ဝယ်

**မြို့၊ရွာ၊ရပ်ကွက်မှရရှိနိုင်သော အစားအစာများ အမေး၊အဖြေပြုလုပ်ခြင်း(၁၀ မိနစ်)**

- အောက်ပါမေးခွန်းများသုံး၍ ဆရာကတစ်တန်းလုံးနှင့် ဆွေးနွေးပါစေ။
- မင်းတို့မြို့၊ရွာ၊ရပ်ကွက်မှာဘယ်လိုအစားအစာတွေရရှိသလဲ။
- အဲဒီအစားအစာတွေကို ဘယ်နေရာက ရရှိသလဲ။
- မိမိတို့မြို့၊ ရွာ၊ ရပ်ကွက်များမှရရှိသော အစားအစာပုံများကို ရေးဆွဲအရောင်ခြယ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အဝိုင်း၊ သုံးထောင့်၊ လေးထောင့်စသည့် ပြင်ညီပုံများ၏ အမည်များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပြင်ညီပုံအမည်များကို မေး၊ဖြေပြုလုပ်ခြင်း (၁၅ မိနစ်)**

- စက္ကူကတ်ထူပြားများကို အဝိုင်း(စက်ဝိုင်း)၊ သုံးထောင့်(တြိဂံ)၊ လေးထောင့်(စတုဂံ၊ စတုရန်း) ပုံများအသင့်ညှပ်ထားပါ။
- အဝိုင်းပုံ(စက်ဝိုင်းပုံ)ကိုပြ၍ မည်ကဲ့သို့ခေါ်ဆိုကြောင်းမေးပါ။ ဆရာက အဝိုင်းပုံဟု ခေါ်ဆိုကြောင်း ပြောပါ။
- ထိုနည်းအတိုင်း သုံးထောင့်ပုံ(တြိဂံ)ပုံနှင့် လေးထောင့်ပုံ (စတုဂံ၊ စတုရန်း) ပုံများကို လည်းတစ်ခုချင်းစီပြ၍ အထက်ပါအတိုင်း မေးပါ၊ ပြောပါ။ သင်ပုန်းပေါ်တွင် ၎င်းပုံ(၃) ပုံကို ဆွဲပြပါ။
- ပြင်ညီပုံများကိုလက်တွေ့ရှာဖွေပြောစေခြင်း (၁၅ မိနစ်)



DBE Box

- စာသင်ခန်းရှိအဝိုင်းပုံ၊ သုံးထောင့်ပုံ၊ လေးထောင့်ပုံများကို ရှာဖွေ၍ အမည်ကို ပြောပါစေ။ ဥပမာ- သင်ပုန်း (လေးထောင့်ပုံ)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဈေးထဲသွားကြမယ်"ကဗျာကိုဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **"ဈေးထဲသွားကြမယ်" ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- "ဈေးထဲသွားကြမယ်" ကဗျာကိုအသံနေအသံထားဟန်ပန်အမူအရာဖြင့်ရွတ်ဆိုပါစေ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကို အမူအရာဖြင့်မှန်ကန်သွက်လက်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာကဗျာကိုရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်ရွတ်ဆိုခဲ့သော ကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"သစ်ပင်လေးတွေစိုက်ကြစို့"ပုံပြင်ကိုဆရာက ဖတ်ပြခြင်း (မိနစ် ၃၀)**

- ဆရာက ယခင်နေ့များက ပုံပြင်ချိန်အတိုင်းကလေးများနှင့် ထိုင်ပါ။
- ဆရာကပုံပြင်ပါစာလုံးများကို လက်ထောက်ပြီးအသံနေအသံထားဖြင့် အဖြတ်အတောက် မှန်ကန်စွာဖတ်ပါ။
- ဖတ်သည့်စာလုံးနှင့် ထောက်ပြသည့် လက်တစ်ထပ်တည်းကျအောင် ဖတ်ပါ။
- ကလေးများတဖြည်းဖြည်းချင်းဖတ်နိုင်သည့်နေရာတွင်လိုက်ဖတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ Are you Sleeping ကဗျာကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"Are you Sleeping"ကဗျာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

**Are you Sleeping**

(Are you Sleeping)$^2$ (Brother John)$^2$
(Morning bells are ringing)$^2$
(Ding Ding Dong)$^2$

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "I"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"I"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရပ်ရွာတွင်တွေ့ရှိရသောအပင်များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **သစ်ပင်အကြောင်းအမေး၊ အဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**

- အောက်ပါမေးခွန်းများကိုသုံး၍ ဆရာက တစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- မိမိတို့ရပ်ရွာဒေသမှာ တွေ့ရတဲ့အပင်တွေကို ပြောပြပါ။



DBEBOX

- အဲဒီအပင်တွေက ဘယ်လိုအသုံးဝင်သလဲ။ (ဥပမာ- အသီး၊ အရွက်စားရ တယ်၊ အရိပ်ရတယ်၊ အိမ်ဆောက်ဖို့သစ်ရတယ် .....)
- အဲဒီအပင်တွေရှင်သန်အောင်ဘာတွေလုပ်ပေးရမလဲ။ (ဥပမာ- ရေလောင်းမယ်၊ အပင်တွေမချိုးဘူး၊ ....)

**သစ်ပင်စိုက်ကြစို့ ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- "သစ်ပင်စိုက်ကြစို့" ကဗျာရွတ်ဆိုပါ။

**"သစ်ပင်စိုက်ကြစို့"**

သစ်ပင်လေးတွေစိုက်ကြမယ်
တို့ကမ္ဘာလေးလှဖို့ကွယ်
သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။

**သစ်ပင်ပုံ-ပုံဆွဲဆေးခြယ်ခြင်း (၁၀ မိနစ်)**

- ကြိုက်နှစ်သက်ရာသစ်ပင်ပုံဆွဲပြီးဆေးခြယ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိပတ်ဝန်းကျင်ရှိဂျီဩမေတြီဆိုင်ရာပုံများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဂျီဩမေတြီဆိုင်ရာပုံများကိုလေ့လာစေခြင်း (၁၅ မိနစ်)**

- မိမိတို့၏စာသင်ခန်း၊ သို့မဟုတ် ကျောင်း၊ ဈေးဆိုင်များကို လှည့်လည် ကြည့်ရှုပြီး ဂျီဩမေတြီပုံသဏ္ဍာန်များ (အဝိုင်းပုံ၊ လေးထောင့်ပုံ၊ သုံးထောင့်ပုံနှင့် ဘောလုံးကဲ့သို့ အလုံးပုံရှိသော ထုပုံများနှင့်၊ အဝိုင်းပုံ၊ သုံးထောင့်ပုံ၊ လေးထောင့်ပုံရှိသော ပြင်ညီပုံပစ္စည်းများကို ကြည့်ရှုပြီး ထိုပစ္စည်းများ၏ ပုံသဏ္ဍာန်များကို မှတ်သားခဲ့ရန်မှာလိုက်ပါ။

**လေ့လာခဲ့သည်များကိုမေး၊ ဖြေပြုလုပ်ခြင်း (၁၅ မိနစ်)**

- စာသင်ခန်းသို့ ပြန်ရောက်ရှိပါက ကလေးများတွေ့ရှိခဲ့သော ပစ္စည်းများနှင့် သက်ဆိုင်ရာပုံသဏ္ဍာန်များကိုမေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သစ်ပင်စိုက်ကြစို့ကဗျာကိုဟန်အမူအရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**သစ်ပင်စိုက်ကြစို့ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- သစ်ပင်စိုက်ကြစို့ကဗျာကို အသံနေအသံထားဟန်အမူအရာတို့ဖြင့် ရွတ်ဆိုပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါထပ်ကျော့စာလုံးများကိုဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"သစ်ပင်လေးတွေစိုက်ကြစို့"ပုံပြင်ကိုကလေးများဖတ်စေခြင်း (မိနစ် ၃၀)**

- ယခင်နေ့က ပုံပြင်ပြောချိန်အတိုင်း ကလေးများနှင့်ထိုင်ပါ။
- ပုံပြင်ကို ဆရာနှင့်ကလေးအတူတူဖတ်ပါ။
- ထို့နောက်ဆရာထောက်ပြသောပုံပြင်ပါ ထပ်ကျော့စာလုံးများကို ကလေးများ ဖတ်ပါစေ။
- ကလေးကိုယ်တိုင်လက်ထောက်ပြီး လွတ်လပ်စွာဖတ်ပါစေ။
- လိုအပ်လျှင် ဆရာက ကူညီပါ။



DBEBox

အသေးစိတ်သင်ယူမှုရလဒ်။ ။အလျားလိုက်၊ဒေါင်လိုက်မျဉ်းများကိုရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။အလျားလိုက်၊ ဒေါင်လိုက်မျဉ်းရေးဆွဲစေခြင်း (မိနစ် ၃၀)**

- ဆရာက သင်ပုန်းပေါ်တွင် အလျားလိုက်မျဉ်း၊ ဒေါင်လိုက်မျဉ်းများကို အောက်ပါအတိုင်း ရေးဆွဲပြီး ဘာတွေဆွဲလိုက်တာလဲ။ ဘယ်ဟာတွေတူသလဲဟုမေးပါ။

| ______ ______ | ______ |

- ထို့နောက်ကလေးများအား ဒေါင်လိုက်မျဉ်းများနှင့် အလျားလိုက်မျဉ်းများ ကူးရေးပါစေ။
- ဆရာက ကူညီပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ Are you Sleepingကဗျာကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ Are you Sleeping**ကဗျာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "I"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။"I"အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရပ်ရွာဒေသတွင် တွေ့ရှိရသောတိရစ္ဆာန်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ဆူညံသောည ပုံပြင်ပြောခြင်း (မိနစ် ၂၀)**

- "ဆူညံသောည" ပုံပြင်ကိုပြောပြပါ။
- **တိရစ္ဆာန်အကြောင်းမေး၊ ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**
- အောက်ပါမေးခွန်းများကိုသုံး၍ ဆရာက တစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- မိမိတို့ရပ်ရွာမှာရှိတဲ့တိရစ္ဆာန်များ၏အမည်များကို ပြောပြပါ။
- အဲဒီတိရစ္ဆာန်တွေဆီက ဘာတွေရနိုင်သလဲ။
- အဲဒီတိရစ္ဆာန်တွေက ဘာတွေလုပ်ပေးသလဲ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရပ်ရွာဒေသတွင်ကျင်းပသောပွဲတော်များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ဗေတိုးတပ် ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ဗေတိုးတပ် ကဗျာကိုရွတ်ဆိုပါစေ။

**"ဗေတိုးတပ်"**

ဗေတိုးတပ်ဗေတိုးတပ်
မီးမီးလေးမတ်တပ်ရပ်
ဖူးပွင့်လာတဲ့ ကြာပွင့်ချပ်။
ဗေတိုးတပ်ဗေတိုးတပ်
ခါးကိုညွတ်လို့ ပန်းဆွတ်တတ်
လက်ကလေးကိုကွေးကာဆတ်။
ဗေတိုးတပ် ဗေတိုးတပ်
ခေါင်းငုံ့လည်ငုံ့ ယိမ်းနွဲ့တတ်
မျက်နှာကလေးက ပြောင်စပ်စပ်
မေးကလေးက တဇတ်ဇတ်
ဗေတိုးတပ် ဗေတိုးတပ်။

(တင်မိုး)

DBEBox

(မိမိဒေသအလိုက် ရိုးရာသီချင်းကဗျာများကို သီဆိုနိုင်ပါသည်။)

**မေး၊ ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**

- အောက်ပါမေးခွန်းများကိုသုံး၍ ဆရာက တစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- ကလေးတို့မြို့၊ ရွာ၊ ရပ်ကွက်မှာ ဘယ်လိုပွဲတွေကျင်းပသလဲ။
- အဲဒီပွဲမှာ မင်းတို့ရောဘာတွေလုပ်ကြသလဲ။
- ဘယ်လိုအစားအစာတွေလုပ်စားကြသလဲ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုအမှုအရာဖြင့်သရုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဆူညံသောညပုံပြင်ပြောခြင်း (မိနစ် ၃၀)**

**"ဆူညံသောည"**

- တစ်ခါတုန်းက ရွာတစ်ရွာမှာ လယ်သမားကြီးတစ်ယောက်ရှိတယ်။ သူဟာတစ်နေ့လုံး လယ်ထွန်ရတော့ အရမ်းပင်ပန်းပြီး အိပ်ချင်နေတော့တာပေါ့။ သူအိပ်ပျော်စပြုနေတဲ့အချိန်မှာပဲ သူ့ခြံထဲက နွားကြီးက **ဘွတ်အဲ ..... ဘွတ်အဲ** ဆိုပြီး အကျယ်ကြီး အော်လိုက်တယ်။

ဆိတ်လည်း **ပဲ.....ပဲ** လို့အကျယ်ကြီးအော်လိုက်တယ်။

ဘဲက **ဂတ် .....ဂတ်** လို့အကျယ်ကြီးအော်လိုက်တယ်။

ကြောင်က **ညောင် ......ညောင်** လို့အကျယ်ကြီးအော်လိုက်တယ်။

ဝက်က **အိ .......အိ** လို့အကျယ်ကြီးအော်လိုက်တယ်။

ခွေးက **ဝုတ် ...ဝုတ်....ဝုတ်** လို့အကျယ်ကြီးအော်လိုက်တယ်။

ကြွက်က **ကျွီ ...ကျွီ ...ကျွီ ...** လို့အကျယ်ကြီးအော်လိုက်တယ်။

ဖားကွက်က **ဖိုးကွက် ..... ဖိုးကွက်** လို့အကျယ်ကြီးအော်လိုက်တယ်။

စာကလေးက **ကျလိ ......ကျလိ** လို့အကျယ်ကြီးအော်လိုက်တယ်။

ကြက်က **အောက်...အီး...အီး...အွတ်** လို့အကျယ်ကြီးအော်လိုက်တယ်။

- အဲဒီအသံတွေကြားတဲ့အခါလယ်သမားကြီးက လန့်နိုးသွားပြီး ဟော့ ....တိတ် တိတ်နေကြစမ်းလို့ စိတ်ဆိုးဆိုးနဲ့ အကျယ်ကြီးအော်လိုက်တယ် အဲဒီအခါမှာ အကောင်လေးတွေ အကုန်ငြိမ်သွားကြတယ်။ဒါပေမယ့် ပြန်အော်ချင်လာတဲ့ နွားကြီးက **ဘွတ်အဲ ..... ဘွတ်အဲ**လို့ တိုးတိုးလေးအော်လိုက်တယ်။

ဆိတ်လည်း **ပဲ.....ပဲ** လို့တိုးတိုးလေးအော်လိုက်တယ်။

ဘဲက **ဂတ် .....ဂတ်** လို့တိုးတိုးလေးအော်လိုက်တယ်။

ကြောင်က **ညောင် ......ညောင်** လို့တိုးတိုးလေးအော်လိုက်တယ်။

DBE BOX

ဝက်က **အိ ……အိ** လို့တိုးတိုးလေးအော်လိုက်တယ်။

ခွေးက **ဝုတ် …ဝုတ်….ဝုတ်** လို့တိုးတိုးလေးအော်လိုက်တယ်။

ကြွက်က **ကျွိ …ကျွိ …ကျွိ …** လို့တိုးတိုးလေးအော်လိုက်တယ်။

ဖီးကွက်က **ဖီးကွက် ….. ဖီးကွက်** လို့တိုးတိုးလေးအော်လိုက်တယ်။

စာကလေးက **ကျလိ ……ကျလိ** လို့တိုးတိုးလေးအော်လိုက်တယ်။

ကြက်က **အောက်…အီ…အီး…အွတ်** လို့တိုးတိုးလေးအော်လိုက်တယ်။

- "ဆူညံသောည" ပုံပြင်ကို ဆရာက အမူအရာဖြင့် တစ်ခေါက်ပြောပြပါ။
- ကလေးများအားအမူအရာဖြင့် ပုံပြင်ကိုသရုပ်ဆောင်ပါစေ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ညွှန်ကြားသည့်အတိုင်းလိုက်လုပ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**အဝိုင်းအတိုင်းအမျိုးမျိုးလျှောက်ကစားနည်းဖြင့်ကစားခြင်း (၄၅ မိနစ်)**

- ယခင်နေ့များက အတိုင်းကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"က"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးခဲ့သည့်ဗျည်း(ကဗျာ)များရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မျဉ်းကွေးများရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**မျဉ်းကွေးများလေ့ကျင့်ရေးဆွဲခြင်း (မိနစ် ၂၀)**

- ဆရာကသင်ပုန်းပေါ်တွင် အောက်ပါကဲ့သို့မျဉ်းကွေးပုံများရေးဆွဲပြပြီး ကလေးများအား တူသောမျဉ်းကွေးများကို ရွေးချယ်ပါစေ။



- ထို့နောက်ကလေးများအားမျဉ်းကွေးများကိုကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။Are you Sleepingကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။Are you Sleeping**ကဗျာကို အုပ်စုဖွဲ့၍ သီဆိုခြင်း(၁၅ မိနစ်)**

- Are you Sleeping ကဗျာကို တစ်တန်းလုံး အမူအရာဖြင့် ရွတ်ဆိုပါ။
- ကလေးများကို အုပ်စု "နှစ်ဖွဲ့" ဖွဲ့ပါ။
- Are you Sleeping ကဗျာကို အုပ်စုနှစ်ဖွဲ့ အပြန်အလှန် အမူအရာဖြင့် ရွတ်ဆိုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"J"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"J"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ် ။ ။မြို့၊ ရွာ၊ ရပ်ကွက်တွင်သွားလာပုံများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရပ်ရွာဒေသများတွင်သွားလာပုံကိုမေး၊ ဖြေပြုလုပ်ခြင်း (မိနစ် ၃၀)**

- အောက်ပါမေးခွန်းများကိုသုံး၍ ဆရာက တစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- မင်းတို့မြို့၊ ရွာ၊ ရပ်ကွက်ကိုဘယ်လိုလာရသလဲ။
- မင်းတို့မြို့၊ ရွာ၊ ရပ်ကွက်မှာ ဘာတွေအသုံးပြုပြီး သွားလာကြသလဲ။ သရုပ်ဆောင်ပြပါ။ (ဥပမာ - စက်ဘီးစီးသည်ဟုပြောပါက စက်ဘီးစီးဟန်လုပ်၍ ကလင် ကလင်ဟု အသံမြည်၍ သရုပ်ဆောင်ပါစေ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ဂျီဩမေတြီဆိုင်ရာပုံများကိုအမျိုးအစားခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ပြင်ညီပုံ၊ ထုပုံများကိုအမျိုးအစားခွဲခြားခြင်း (၁၅ မိနစ်)**

- ထုပုံများ(အဝိုင်းပုံ၊ လေးထောင့်၊ သုံးထောင့်ပုံနှင့် ဘောလုံးကဲ့သို့အလုံးပုံ) စုဆောင်းထားပါ။
- ကလေးအုပ်စုများအားရောနှောထားသော ထုပုံများကို ဝေပေးပါ။
- မိမိတို့အုပ်စုရရှိထားသော ပုံများ၏အမည်များကိုအုပ်စုတွင်း ပြောပါစေ။
- အုပ်စုတစ်စုစီမှ မိမိတို့ရရှိသော ပုံကိုထောင်ပြ၍ အမည်ကို ပြောပါစေ။

**ပြင်ညီပုံအမည်များကိုမေးဖြေပြုလုပ်ခြင်း (၁၅ မိနစ်)**



- အုပ်စုတစ်စုစီအား အထက်ပါ ပြင်ညီပုံများဖြင့် တည်ဆောက်ထားသော ပုံများဝေပေးပါ။
- မိမိတို့အုပ်စုရရှိထားသော ပုံများတွင် ပါဝင်သော ပြင်ညီပုံ အမည်များကို ဆွေးနွေးပါစေ။
- အုပ်စုတစ်စုစီမှ မိမိတို့ရရှိသောပုံကို ထောင်ပြ၍ ပြင်ညီပုံများအမည်ကို ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နှစ်သက်ရာပြင်ညီပုံရေးဆွဲ၍ဆေးခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)**

- သင်္ချာချိန်တွင် သင်ခဲ့သောပြင်ညီပုံဖြင့် ဆွဲထားသော ရုပ်ပုံများမှ ကြိုက်နှစ်သက်ရာ ပုံတစ်ပုံကို ရေးဆွဲ၍ဆေးခြယ်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ခ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ခ" ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးခဲ့သော ဗျည်း(ကဗျာ)များရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုအမူအရာဖြင့်ပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သစ်ပင်လေးတွေစိုက်ကြစို့" ပုံပြင်ကို ကလေးများအမူအရာဖြင့်ပြောစေခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားခဲ့သောပုံပြင်ပြောသင်နည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မျဉ်းဖြောင့်၊ မျဉ်းကွေးများလေ့ကျင့်ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**မျဉ်းဖြောင့်၊ မျဉ်းကွေးများလေ့ကျင့်ရေးဆွဲခြင်း (၂၅ မိနစ်)**

- ဆရာကသင်ပုန်းပေါ်တွင် မျဉ်းဖြောင့်၊ မျဉ်းကွေးရေးဆွဲပါ။
- ကလေးများကူးရေးပါစေ။
- (လိုအပ်ပါက ဆရာက ကူညီပံ့ပိုးပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။Are you Sleepingကဗျာပါ စကားလုံးများကို အသုံးပြု၍ မိမိအမည်ကို အစားထိုး ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **Are you Sleeping ကဗျာကို ဆရာ၏ ဦးဆောင်မှုဖြင့် နှစ်ယောက်တစ်တွဲ တွဲ၍ နှုတ်ဆက်ပြောခြင်း (၁၅ မိနစ်)**

- Are you Sleepingကဗျာကို တစ်တန်းလုံး၊ အမူအရာဖြင့် ရွတ်ဆိုပါ။
- ဆရာက Are you Sleeping ကဗျာပါ စကားလုံးသုံး၍ အမည်နေရာတွင် ကလေးတစ်ဦး၏ အမည်ကို အစားထိုး၍ ရွတ်ဆိုပြပါ။
- ကလေးနှစ်ဦးကို အတန်းရှေ့လာပါစေ။
- အတန်းရှေ့သို့ ခေါ်ထားသော ကလေးနှစ်ဦးအမည်များကို အစားထိုးပြီး အပြန်အလှန် ရွတ်ဆိုပါစေ။
- နောက်ထပ်ကလေး နှစ်ဦးကို ခေါ်ပြီး အမည်များကို အပြန်အလှန်အစားထိုး၍ ပြောပါစေ။
- ကျန်ကလေးများကို နှစ်ယောက်တစ်တွဲ တွဲစေ၍ "Are you Sleeping" ကဗျာကို အမည်များ အစားထိုး၍ အမူအရာဖြင့် ရွတ်ဆိုပါစေ။
- ဆရာက အနားမှ ကူညီပံ့ပိုးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ "J''အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"J''အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အိမ်၊ ကျောင်းသန့်ရှင်းရေးအတွက် လုပ်နိုင်သော အလုပ်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။**အိမ်၊ ကျောင်းသန့်ရှင်းရေးအကြောင်းမေး၊ ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**

- အောက်ပါမေးခွန်းများကိုသုံး၍ ဆရာက တစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- သားတို့သမီးတို့အိမ်မှာ သန့်ရှင်းအောင်ဘာတွေလုပ်တာတွေ့ဖူးလဲ။
- ဘယ်သူတွေလုပ်တာတွေ့ဖူးလဲ။
- သား၊ သမီးတို့ကော သန့်ရှင်းဖို့ဘာတွေလုပ်ပေးဖူးလဲ။
- အဲဒီလို သန့်ရှင်းသွားတာကြိုက်သလား။
- ဆရာက ထိုနည်းအတိုင်း ကျောင်းခန်းအတွင်း သန့်ရှင်းရေးကိုလည်း မေးပါ။



DBE Box

**အိမ်၊ ကျောင်း၊ စာသင်ခန်းပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၂၀)**

- ကလေးများနှစ်သက်သော အိမ်၊ ကျောင်း၊ စာသင်ခန်းပုံကိုရေးဆွဲ၍ ဆေးခြယ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိတို့ရပ်ရွာဒေသရှိ အန္တရာယ်ကင်းရှင်းရေး အချက်ပြသင်္ကေတများ အဓိပ္ပာယ်ကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**သင်္ကေတပုံပြ၍အဓိပ္ပာယ်ဖော်ခြင်း (မိနစ် ၃၀)**

- အန္တရာယ်ရှိ အမှတ်အသားပုံနှင့်စာတမ်းများပုံ တစ်ခုချင်းစီကို ပြ၍ အဓိပ္ပာယ်ကိုမေးပါ။
(ဥပမာ-ဒီသင်္ကေတအမှတ်အသားကိုမြင်ဖူးလား၊ဘာတွေလဲ၊ ဘယ်နေရာမှာမြင်ဖူးလဲ။)
ကလေးများမဖြေနိုင်ပါက ဆရာက သင်္ကေတများ၏အဓိပ္ပာယ်ကိုပြောပြပါ။



(အထက်ပါသင်္ကေတများမှာ နမူနာပုံသာ ဖြစ်ပါသည်။ မိမိတို့သက်ဆိုင်ရာဒေသရှိ အမှတ်သင်္ကေတများကို ဆီလျော်စွာအသုံးပြု၍ ဆွေးနွေးရန် အကြံပြုပါသည်။)

- ရပ်ရွာမှာ ဘယ်လိုအန္တရာယ်တွေရှိနိုင်သေးသလဲ။ အဲဒီအန္တရာယ်ကို ကာကွယ်ဖို့ ဘယ်လို ပုံတွေဆွဲပြီး အသိပေးမလဲဟုမေး၍ ကလေးများအားပုံဆွဲပါစေ။
(ကလေးများစိတ်ကြိုက်ဆွဲပါစေ။)
- ကလေးများအား မိမိဆွဲထားသော သင်္ကေတပုံအကြောင်းကို အတန်းသို့ ပြောပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။ရိုးရာကစားနည်းဖြင့်ကစားတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။**နှစ်သက်ရာကစားနည်းဖြင့်ကစားခြင်း (မိနစ် ၃၀)**

- နမူနာ- ရွှေစွန်ညို
- ရွှေစွန်ညို ရိုးရာကစားနည်းဖြင့် ကစားပါ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။လွယ်ကူသောမေးခွန်းများကိုဖြေတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သိသမျှပြောမယ်" ကစားနည်းဖြင့်ကစားခြင်း (မိနစ် ၃၀)**

- ယခင်နေ့များတွင် ကစားခဲ့သော "သိသမျှပြောမယ်"ကစားနည်းအတိုင်း ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကို အမူအရာဖြင့်မှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာကဗျာကိုရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်နေ့များအတိုင်း သင်ကြားနိုင်ပါသည်။

DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။ စာရေးခြင်း၏ အခြေခံသင်္ကေတများကို ပြုလုပ်တတ်ရန်။

လုပ်ငန်းစဉ်။ **။စိတ်ကြိုက်ရေးခြစ်ခြင်း (၁၅ မိနစ်)**

- ယခင်နေ့များအတိုင်းသင်ကြားနိုင်ပါသည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။"Are you Sleeping"ကဗျာပါ စကားလုံးများကိုအသုံးပြု၍ အပြန်အလှန် **နှုတ်ဆက်တတ်ရန်။**

လုပ်ငန်းစဉ်။ **။Are you Sleeping ကဗျာပါ စကားလုံးများသုံး၍ အချင်းချင်းပြောဆို နှုတ်ဆက်ခြင်း (၁၅ မိနစ်)**

- "Are you Sleeping" ကဗျာကို ဆရာနှင့်ကလေးများ အတူတူ အမူအရာဖြင့် ရွတ်ဆိုပါစေ။
- ဆရာနှင့်ကလေး(၁)ဦး နှင့်အတူ နမူနာရွတ်ဆိုပြပါ။
- ကလေးများအား နှစ်ယောက်တစ်တွဲစီ တွဲပါ။
- အထက်ပါနည်းအတိုင်း Are you Sleeping ကဗျာကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အမူအရာဖြင့် ရွတ်ဆို၍ နှုတ်ဆက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"E''မှ"J''ထိ အင်္ဂလိပ်အက္ခရာ(၆)လုံး၏ အမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"E''မှ"J''ထိအင်္ဂလိပ်အက္ခရာ(၆)လုံး၏ အမည်များကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အင်္ဂလိပ်အက္ခရာ(၈)လုံး၏ အမည်များကို ရွတ်ဆိုနည်းအတိုင်း "E''မှ"J''ထိကို အစားသွင်း၍ ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရပ်ရွာဒေသအကြောင်းကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ **။ပုံပြင်ဖန်တီးကစားခြင်း (မိနစ် ၃၀)**

- မိမိတို့ရပ်ရွာဒေသအကြောင်းကို အမူအရာပုံပြင်ဖန်တီးကစားနည်းဖြင့် ကစားပါစေ။
- ဆရာကရပ်ရွာဒေသအကြောင်းပုံပြင်ကို နမူနာပြောပြပါ။ ကလေးများ ကစားနိုင်ရန် စဉ်းစားချိန်ပေးပါ။
- ထိုပုံပြင်နှင့်လိုက်ဖက်သောအသံနှင့်လှုပ်ရှားမှုများကို ကလေးတို့ဖန်တီးပြုလုပ်ရန်ပြောပါ။ (ဥပမာ-တစ်ခါတုန်းက ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ ကောင်လေး တစ်ယောက်ရှိတယ်။ ရွာလမ်းမပေါ်မှာ သူလမ်းလျှောက်နေတယ်။ (ကလေးတွေ စတင်လမ်းလျှောက်ပါ။)၊ ရွာနံဘေးက မြစ်ကြီးရဲ့အနားကို ရောက်လာတယ်၊ အဲဒီမြစ်ကြီးထဲမှာ မိကျောင်းကြီး တစ်ကောင်တွားသွားနေတာတွေ့တယ်။ (တွားသွားဟန် သရုပ်ဆောင်ပါ) အဲဒီကောင်လေးက အရမ်းကြောက်သွားသတဲ့ (ကြောက်နေပုံသရုပ်ဆောင်ပါ။)....စသည်ဖြင့် ပုံပြင်ဖန်တီး၍ ကစားပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ဂျီဩမေတြီဆိုင်ရာပုံများကို အမျိုးအစားခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **ကစားနည်းဖြင့် အမျိုးအစားခွဲခြားခြင်း (မိနစ် ၃၀)**

- ပုံသဏ္ဍာန်ကတ်ကစားနည်းဖြင့် ဂျီဩမေတြီဆိုင်ရာပုံများကိုအမျိုးအစားခွဲခြားပါစေ။
- ပုံသဏ္ဍာန်ကတ်များကစားနည်း။
- ဆရာက (ဂျီဩမေတြီဆိုင်ရာပုံသဏ္ဍာန်များ အဝိုင်း၊ လေးထောင့်၊ သုံးထောင့် ....) စသည့် ကတ်ပြားများကြိုတင်ပြုလုပ်ထားပါ။



DBE BOX

- ကလေးများကိုဝိုင်းထိုင်စေပါ။ ကြိုတင်ပြုလုပ်ထားသော ပုံသဏ္ဍာန်ကတ်များကိုကလေးတစ်ဦးလျှင် တစ်ချပ်စီပေးထားပါ။ မိမိတို့ကြိုက်နှစ်သက်ရာ သီချင်း၊ သို့မဟုတ် ရောင်စုံဘောလုံး သီချင်းဆိုလျှင် လက်ထဲမှာရှိသောကတ်ပြားကို ညာဘက်လူသို့ပေးပြီး ဘယ်ဘက်က လူပေးသောကတ်ပြားကို လက်ခံစေပါ။ ထိုနည်းအတိုင်းအဆင့်ဆင့် လက်ဆင့်ကမ်းပေး၍ သီချင်းဆုံးသွားပါက လက်ထဲမှာရသော ကတ်ကိုကိုင်ထားရန် ပြောပါ။ ကလေးတိုင်းက သူလက်ထဲမှာရရှိသော ကတ်ပေါ်တွင်ဆွဲထားသည့် ပုံသဏ္ဍာန်များကို ပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်များကိုတီထွင်ပြောတတ်စေရန်။

လုပ်ငန်းစဉ်။ ။ဆွဲထားသောပုံကိုကြည့်၍ပြောစေခြင်း (မိနစ် ၃၀)

- သင်ခန်းစာအစမှအဆုံး ရေးဆွဲထားသောရုပ်ပုံများကိုစုစည်း၍ စာအုပ်ချုပ်ပါ။
- ၎င်းစာအုပ်ပါ အကြောင်းအရာများကို ကလေးများအား အမှုအရာဖြင့် ပြောပြပါစေ။

DBE BOX